

# ခုံးကျော်တံတားအဆင်းက

## မအရှာ

(ဂမ္ဘီရလှူမော်)

ထိုစဉ်က မိုးနတ်မယ်ဆိုသော ယမကာဆိုင်လေးသည် မြေနီကုန်းလမ်းဆုံ အနောက်မြောက် ဘက် ရွှေမန်းရုပ်ရှင်ရုံအခြမ်းတွင် ရှိပြီး မျက်နှာချင်းဆိုင်၌ မြေနီကုန်း ညနေလဟာပြင်ဈေးတန်း ကြီးလည်း ရှိသည် ။

ယခု ဒဂုံစင်တာမတ်ကက် အရောင်းဆိုင်များ နေရာ၌ ဖြစ်၏။

ထိုလဟာပြင်ညဈေးတန်းတွင် စားသောက်ဖွယ်ရာ အမည်စုံရောင်းသောကြောင့် ည (၁၁) နာရီတိုင် လူစည်ကားနေ၏။

မောင်ပိန် မိုးပျံခေါက်ဆွဲကြော်က နာမည်ရ၏။

ရုပ်ရှင်သမားများ လာရောက်စားကြသဖြင့် အခြားလူများကလည်း တကူးတက လာရောက် အားပေးနေကြလေသည် ။

မီးကြော်ခေါက်ဆွဲဟု လည်း ခေါ်ကြ၏။

ဒယ်အိုးထဲသို့ ခေါက်ဆွဲဖတ်များ နှင့် အစာပလာများကို တစ်ပြိုင်တည်းထည့်၍ အပေါ်မှ ဆီဖြန်းပြီး မီးမြှိုက်ပေးလိုက်၏။ မီးတောက်သည်နှင့် ဒယ်အိုးအဖုံးကို လုံအောင်အုပ်၍ ခေတ္တမျှ စောင့်ရာမှ ကျက်လောက်ပြီဆိုလျှင် အဖုံးကို ပြန်ဖွင့်လိုက်၏။ ကြော်ပြီးသား ခေါက်ဆွဲများကို အင်ဖက်ပေါ်ပုံ၍ ထုပ်လိုက်၏။ ထို့နောက် သတင်းစာစက္ကူဖြင့် ထပ်ခံ ထပ်ထုပ်ပြီး သင်အူကြိုးဖြင့် ချည်နှောင်၍ ပေး၏။ အထက်မီးအောက်မီးကြော် ခေါက်ဆွဲသည် မိုးပျံခေါက်ဆွဲကြော်ဆိုင်၌ သာ ရသည် ။

မိုးနတ်မင်း ယမကာဆိုင်တွင် အမြည်းရောင်း မိန်းမလေးများ နှင့်

တွဲဖက်၍ ဖော်ရွေစွာ ဆက်ဆံတတ်ကြသော သူတို့ ကြောင့် လူစည်ကား နေသည် ။

ကားအမှတ် (ထ/၇၀၄) မိုးပြာရောင် အီးတူးသောင်စင်ကလေးသည် ဆိုင်ရှေ့သို့ ထိုးရပ်ပြီး လူနှစ်ယောက် ပြေးဝင်သွားသည် ကို တွေ့ရသည် ။

ကံရွှေနှင့် ဝင်းဆွေတို့ ဖြစ်၏။

'မင်းတို့ ဘယ်သဝေထိုးနေကြတာလဲ၊ ဒီလောက်တောင် ကြာရသလား' ဟု မြင့်အောင်က စီးငေါက်လိုက်၏။

'ကံရွှေကြောင့် ငါ ထင်သားပဲ။ သူဟာမကို လိုက်ရှာပေးနေရတယ်။ တွေ့လည်း မတွေ့ခဲ့ ပါဘူးကွာ' ဟု ဝင်းဆွေက ညည်းပြလိုက်၏။

'ကောင်းတယ်။ တွေ့နေရင် မင်းတို့ ဒီအချိန်တောင် ပြန်ရောက်လာကြဦးမှာ မဟုတ်ဘူး '

'တို့ သွားတာ ဘယ်လောက်များ ကြာလို့ လဲ။ နာရီဝက်သာသာပဲ ရှိတာပါ' ဟု ကံရွှေက ဆင်ခြေပေးလိုက်၏။

'အပြန် မိုးချုပ်ရင် မကောင်းဘူးလေ'

'ဒါများ အဆန်းလုပ်လို့ '

'ဟ ... ညစောင့် ဦးလှအောင်က အရက်လည်း သောက်မထားဘဲနဲ့ ဗျစ်တောက် ဗျစ်တောက် နဲ့ ရစ်ရစ်ပြီးမှ ဂိတ်တံခါးကို ဖွင့်ပေးတာ။ ဘေးလူတွေတောင် ကြားရတယ်'

'လွယ်ပါတယ်ကွာ။ မောင်ပိန် မီးကြော်ခေါက်ဆွဲဝယ်သွားပြီး ခွံလိုက်ရင် သူ့ပါးစပ် ပိတ်သွား မှာ ပါ။ ကဲ ... ဖြည်းဖြည်းသောက်ပါရစေ'

ဟု ဝင်းဆွေက ပြောလိုက်ပြီး တစ်ယောက်တစ်လှည့် တစ်ယောက်တစ် ခွက် အလှည့်ကျ သောက်နေကြလေ၏။

သူတို့ သည် ပျဉ်းမပင်နို့ချက်စက်ရုံမှ ဖြစ်ကြ၏။

အရောင်းဌာနစိတ်မှ ကံရွှေ၊ ဒရိုင်ဘာ ဝင်းဆွေနှင့် မက္ကင်းနစ် မြင့် အောင်တို့ စနေနေ့ ရုံးပိတ်ရက်ဖြစ်၍ ညနေစောင်းမှ ထွက်လာခဲ့ကြခြင်း ဖြစ်၏။

ပျဉ်းမပင်နို့ချက်စက်ရုံသည် တိုးချဲ့မြောက်ဥက္ကလာပအလွန် ထောက်ကြန့်အနီးတွင် ရှိသော ကြောင့် သူတို့ သည် မြောက်ဥက္ကလာပထဲသို့ ဝင်ရပြီး မယ်လမုဘုရားရှေ့ ကတ္တရာစေးလမ်းအတိုင်း သွား၍ မီးရထား ခုံးကျော်တံတားကြီးပေါ် တက်ရသည် ။

နဝဒေးရုပ်ရှင်ရုံရှေ့ရောက်လျှင် ကမ္ဘာအေးလမ်းဆုံမှ (၈)မိုင်သို့ကွေ့ ၍ သမိုင်းလမ်းဆုံကို သွားကြရသည် ။

ထိုမှ ဟံသာဝတီအဝိုင်းကိုကျော်မှ သာ မြေနီကုန်းသို့ ရောက်သည် ။

ဌာနဆိုင်ရာကားများ အတွက် သတ်မှတ်ပေးထားသော လမ်းကြော အတိုင်းသာ သွားကြရသည် ဖြစ်၍ တစ်နာရီခွဲကျော်မျှ အချိန်ပေးကြရ သည် ။

'ပြန်ကြရအောင်ကွာ။ (၁၀) နာရီထိုးပြီ' ဟု မြင့်အောင်က အသိပေး လိုက်သဖြင့် 'ခဏလေးပါ။ လက်ကျန်လေးဖြတ်လိုက်ပါရစေဦး' ဟု ဝင်းဆွေကပြော၍ အရက်များကို ခွက်ထဲသို့ ခွဲငှဲ့နေ၏။

'စက်ရုံမှူး ဆရာစိုင်းလှဖေ သိသွားရင် မင်းပဲ အပြောခံရမှာ မို့ ပြောတာ။ ပျဉ်းမပင်ကို ဘယ်လောက်မောင်းရင် ဘယ်အချိန် ရောက်မယ်ဆို တာ ငါသိတယ်။ ငါ မောင်းနေကျလမ်းပါကွာ'

‘ဟုတ်ပါတယ်။ မင်းပဲ မောင်းရမှာ ပါ ဝင်းဆွေ’

‘ကဲပါကွာ၊ ကြာပါတယ်။ မြန်မြန်ဖြတ်လိုက်ရတာပဲဟာ’ ဟု ပြောရာမှ ကံရွှေသည် လက်ကျန်အားလုံးကို တစ်ဘရိတ်တည်း မော့ဖြတ်ပေးလိုက်ပြီး ဆိုင်တွင်းမှ ထွက်ခဲ့ကြ၏။

ဝင်းဆွေသည် မီးကြော်ခေါက်ဆွဲဝယ်ရန် ကားကို ဂငယ်ကွေ့ ကွေ့မောင်းလိုက်ရာ မျက်နှာ ချင်းဆိုင်မှ လာနေသော ဆိုက်ကားကြောင့် ဘရိတ်အုပ်လိုက်ရ၏။

မကျေနပ်သော ဆိုက်ကားဆရာကြောင့် အချီအချစကားများနေသဖြင့် မြင့်အောင် ကားပေါ်မှ ဆင်း၍ မောင်ပိန်ဆိုင်သို့ သွားလိုက်၏။

ဝင်းဆွေက ဆိုက်ကားဆရာနှင့် အဆင်ပြေရန် အတန်ကြာအောင် ပြောဆိုနေရ၏။

မြင့်အောင် ခေါက်ဆွဲထုပ်နှင့် ပြန်လာသောအခါ ကားသည် အခြားတစ်နေရာသို့ရောက်ပြီး စောင့်ပေးနေသည် ကိုတွေ့ရသဖြင့် ကားဆီသို့ ပြေးလာခဲ့၏။

မြင့်အောင်သည် ခေါက်ဆွဲထုပ်ကို ကားနောက်ခန်းမှန်အကာပေါ်မှ ချိတ်တွင် ချိတ်ဆွဲပြီး ကားရှေ့ခန်းသို့ ဝင်ထိုင်လိုက်သည် နှင့် ဝင်းဆွေသည် ကားကို ဝုန်းခနဲ ဆောင့်ထွက်လိုက်၏။

‘ဖြည်းဖြည်းလုပ်စမ်းပါကွာ’ ဟု မြင့်အောင်က သတိပေးနေသော်လည်း ဝင်းဆွေသည် အရှိန်ပြင်းပြင်းဖြင့် မောင်းနေလေ၏။

***